# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 16, 2020 Volume 27, Number 10


**၁၆.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၅၇/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၀၈၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၈/- ကျပ် |
| CBM Rate | = ၁၄၆၆.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၃၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၄.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၂.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၁၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၆၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာ့စီးပွားရေး ပိုမိုအားကောင်းလာရန် တရုတ်-မြန်မာပူးပေါင်း ဆောင်ရွက်မည်ဟုဆို



မြန်မာ့စီးပွားရေး ပိုမိုအားကောင်းလာရန် တရုတ်– မြန်မာ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ဇန်နဝါရီ ၁၄ ရက်တွင်ပြောသည်။ ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့ Whydham Grand Hotel ၌ ပြုလုပ်သည့် နိုင်ငံရေးအပြန်အလှန်ယုံကြည်မှု မြင့်မားစေရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာစေရေး၊ မျက်မှောက်ခေတ် တရုတ်နိုင်ငံနှင့်ကမ္ဘာ၊ မြန်မာ–တရုတ်အကြံပြုသုတေသီအဖွဲ့များ၏ အစည်းအဝေး ဆွေးနွေးပွဲ၌ ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ "နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှ လူနေမှုအဆင့်အတန်းမြင့်မားလာမှာဖြစ်သလို ဆင်းရဲမွဲတေမှုကို တိုက်ဖျက်နိုင်မှာဖြစ်တာကြောင့် နိုင်ငံရဲ့စီးပွားရေးအားကောင်းဖို့ အတူတူပူးပေါင်းဆောင်ရွက်ကြရပါမယ်"ဟု ၎င်းကပြောသည်။

ခေတ်သစ်တွင် မြန်မာ–တရုတ်ဆက်ဆံရေး ပိုမိုနီးကပ်ရင်းနှီးအကျွမ်းတဝင်ရှိစေရေးရည်ရွယ်၍ စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ခြင်းဖြစ်ပြီး အတူတကွချမ်းသာကြွယ်ဝရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံများ ဝေမျှဆောင်ရွက်နိုင်စေရေး၊ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်စိတ်ချမှု တိုးတက်မြင့်မားစေရေးနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေး၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရေးအတွက် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ ပူးပေါင်း

ဆောင်ရွက်မှုမြှင့်တင်ရေး၊ အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးခင်မင်မှုကို ရှေ့သို့ဆက်၍ လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်စေရန်၊ ပြည်သူအချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံသွားလာမှုများ ပို၍နက်ရှိုင်းလာစေရန် ဆောင်ရွက်ရေးစသည့်ကဏ္ဍများဖြင့် ဆွေးနွေးစကားဝိုင်းများပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ကုန်သည်/စက်မှု အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိန်းဟန်၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်အေးဝင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဆန်းလင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ နိုင်ငံခြားဘာသာ ပုံနှိပ် ထုတ်ဝေရေးအဖွဲ့၊ မြန်မာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးလေ့လာမှုဌာန၊ ယူနန်တက္ကသိုလ်၊ ပေကျင်းတက္ကသိုလ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/133855.html

## မြန်မာကုန်ပစ္စည်းများကို တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ e-Store ပေါ်မှ ရောင်းချနိုင်ရေး ကြိုးစားညှိနှိုင်းလျက်ရှိ

တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ၂၀၀၄ ခုနှစ် မှစ၍ တရုတ်-အာဆီယံကုန်စည်ပြပွဲကို နှစ်စဉ်စက်တင်ဘာလတိုင်းကျင်းပခဲ့ရာ (၁၆) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါ တရုတ်နိုင်ငံတွင် အွန်လိုင်းပေါ်မှ ကုန်ပစ္စည်းများကို ရောင်းချကုန်သွယ်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာသောကြောင့်လည်းကောင်း၊ တစ်နှစ်တစ်ကြိမ်သာ မျက်နှာချင်းဆိုင် ထိတွေ့ရောင်းဝယ်နေသည့် အာဆီယံနိုင်ငံများမှ ကုန်စည်များကို တရုတ်ဈေးကွက်အတွင်း တစ်နှစ်ပတ်လုံး ရောင်းဝယ်မှု ပြုနိုင်စေရန်လည်းကောင်းရည်ရွယ်လျက် တရုတ်-အာဆီယံကုန်စည်ပြပွဲကျင်းပရေးရုံးက www.caexposhop.com အမည်ရှိ e-Store တစ်ရပ်ကို ထူထောင်လာပါသည်။ ၎င်း e-Store ဖွင့်ပွဲအခမ်းအနားကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် Nanning International Convention and Exhibition Center Conference Hall D (102) ၌ ကျင်းပခဲ့ပါသည်။ ၎င်း e-Store **ပေါ်၌** မြန်မာနိုင်ငံမှထုတ်လုပ်သည့် အရည်အသွေးမြင့်ကုန်စည်များကို ရောင်းချသွားနိုင်ရေးအတွက် နန်နင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူး ဒေါက်တာရွှေစင်ကိုနှင့် Guangxi CAEXPO Brand Management Co., Ltd. မှ တာဝန်ရှိသူများ ဆက်လက်ဆွေးနွေး လျက်ရှိပါသည်။ www.caexposhop.com ပေါ်တွင် ကျောက်မျက်ရတနာလက်ဝတ်လက်စား (Jewellery)၊ တန်ဖိုးကြီးသစ်သားထည်များ (Precious Wood products)၊ အနုပညာလက်ရာမြောက် ပန်းအိုးများ (Art pottery)၊ နာမည်ကျော် စာပန်းချီနှင့်ပန်းချီကားများ (Famous calligraphy and painting)၊ အဖိုးတန်သတ္တုများ (Precious metal)၊ အထိမ်းအမှတ်အကြွေစေ့များ/ဘဏ်ငွေစက္ကူများ (Commemorativecoins/banknotes)၊ အရက် (Alcohol) ၊ လက်ဖက်ရည် (Tea)၊ နေ့စဉ်သုံးကြွေထည်များ(Daily-use ceramics)၊ လျှပ်စစ်ပစ္စည်းများနှင့် တွဲဖက်အသုံးပြုရသည့် အသုံးအဆောင်များ (Electronic products and accessories)၊ လက်မှုပညာပစ္စည်းများ (Handicrafts)၊ အလှကုန်များနှင့် အရေပြား ပြုပြင်ထိန်းသိမ်းသည့်ပစ္စည်းများ (Cosmetics and skin care products)၊ အိမ်သုံး အထည်အလိပ်များ (Home textiles)၊ ခရီးဆောင်အိတ်များ (Luggage)၊ အားကစား ပစ္စည်းများ (Sporting goods)၊ အရုပ်များ (Toys)၊ စာရေးကိရိယာများ (Stationery)၊ အဝတ်အထည်များ (Clothing)၊ ပိုးထည်များ (Silk products)၊ တံဆိပ်များ (Badges)၊ သော့ချိတ်များနှင့် သတ္တုမဟုတ်သောပစ္စည်းများ (Key chains and non-precious metal products)နှင့် တံဆိပ်ခေါင်းများနှင့် စာတိုက်သမိုင်းလေ့လာရေးနှင့်ဆိုင်သောပစ္စည်းများ (Philatelic products) ဟူသည့် အဓိကကုန်ပစ္စည်းအမျိုးအစား(၂၀)ရှိပါသည်။ ၎င်းကုန်စည်အမျိုးအမည်(၂၀)အောက်၌ ပါဝင်ရောင်းချလိုသည့် မြန်မာကုန်ပစ္စည်းများရှိပါက တရုတ်နိုင်ငံဘက်သို့ အကောက်ခွန်စစ်ဆေးမှုကိုဖြတ်သန်းကာ တရားဝင် တင်သွင်းရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ တင်သွင်းနိုင်ရန် တရုတ်ဘက်မှ တရားဝင်လုပ်ငန်း/ကုမ္ပဏီက တာဝန်ခံ၍ တင်သွင်းပေးရန်နှင့် ပစ္စည်းအမျိုးအစားအလိုက် တရုတ်အစိုးရက သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီရန်လိုအပ်ပါမည်။ တရားဝင်တင်သွင်းရန် လိုအပ်သည်ဟုဆိုသည့်အတွက် မြန်မာလုပ်ငန်းရှင်များအနေဖြင့် တရုတ်ဘက်မှ သွင်းကုန်ခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ များစွာစိုးရိမ်ရန်မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံဘက်က မြန်မာနိုင်ငံနှင့်စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာဆက်ဆံမှုများ ပိုမိုတိုးမြှင့်စေနိုင်ရေးရည်သန်၍ ကုန်စည်လိုင်းပေါင်း (၇၇၈၇)မျိုးအပေါ် တစ်ဖက်သတ်အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားသောကြောင့်ဖြစ်ပါသည်။ ၎င်းကုန်စည်စာရင်းတွင် ဆန်နှင့်ပြောင်းမှအပ မြန်မာနိုင်ငံမှ လက်ရှိတင်ပို့လျက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်တော

ထွက်ကုန်များ၊ နို့ထွက်ပစ္စည်း၊ ပျားရည်၊ ကော်ဖီ၊ လက်ဖက်ရည်စသည့် စားသောက်ကုန်များနှင့်စက်မှုထုတ်ကုန်များဖြစ်သည့် ချုပ်ပြီးအဝတ်အထည်များနှင့် လက်ဝတ်ရတနာများပါဝင်ပါသည်။ ၎င်းစာရင်းတွင် ပါဝင်သည့်ပစ္စည်းများကို တင်ပို့ရာတွင် အခွန်သက်သာကင်းလွတ်ခွင့်ရရှိစေရန်အတွက် Certificate of Origin (Form China) ကို ဖြည့်စွက်ရယူရန်လိုအပ်ပါသည်။ ယင်းလက်မှတ်ကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးဦးစီးဌာနရုံးခွဲ၊ ရန်ကင်းမြို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဝင်းအတွင်းရှိ One-Stop Service Centen သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ One-Stop Service Centen နှင့် နယ်စပ်ဒေသရှိ ကုန်သွယ်ရေးစခန်းများတွင် လျှောက်ထားရယူနိုင်ပါသည်။

**Source: စီးပွားရေးသံမှူး-နန်နင်း**

## ဘင်္ဂလားဒေ့ရှ် ကြက်သွန် အကျပ်အတည်းကို တောင်သူတစ်ဦးက ဆန်းသစ်တီထွင်ဖြေရှင်းခဲ့




ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြက်သွန်ဈေးများ တစ်ကီလိုလျှင် တာကာငွေ ၂၅၀ အထိ ခေါင်ခိုက်မြင့်တက်ခဲ့ချိန်တွင် တန်ကျူလီယာ ခရိုင်ခွဲမှ တောင်သူတစ်ဦးက ဆန်းသစ်တီထွင်သော စိတ်ကူးတစ်ခု ရရှိလာခဲ့သည်။ ထိုစိတ်ကူးမှာ ပလတ်စတစ်ဘူးခွံများအတွင်း ကြက်သွန်ကိုစိုက်ပျိုးပြီး တစ်နှစ်ပတ်လုံး ကြက်သွန်ထုတ်လုပ်နိုင်မည့် နည်းဖြစ်သည်။ "ပထမကတော့ ဘူးခွံတစ်လုံးထဲမှာအစမ်းအနေနဲ့ စစိုက်ကြည့်ခဲ့တယ်။ အကုန်အကျသိပ်မများဘဲနဲ့ မကြာခင်မှာပဲ အထွက်ကောင်းကို ရရှိခဲ့ပါတယ်။ အဲဒီနောက်တော့ ကျွန်တော့်အိမ်မှာ နောက်ထပ်ဘူးခွံတွေနဲ့ ကြက်သွန်တစ်နှစ်ပတ်လုံး စိုက်ပျိုးဖို့ ဆုံးဖြတ်ဖြစ်ခဲ့တာပါ"ဟု အဆိုပါခရိုင်ခွဲအတွင်းရှိ ဒန်ဂါပါရာရွာမှ တောင်သူ Ataur Rahman က ပြောပြသည်။ Ataur သည် ဘူးခွံ ၁၀ လုံးမှ ၁၅ လုံး အတွင်း ကြက်သွန်စိုက်ပျိုးရန် လိုအပ်သည့် ပြင်ဆင်စရာများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုစိုက်ပျိုးနည်းမှာ အလွန်ရိုးရှင်းပြီး အကုန်အကျလည်း နည်းပါးကြောင်းရှင်းပြခဲ့သည်။ ပထမဆုံးဘူးခွံ၏ လည်တိုင်ကိုဖြတ်ပြီး ဘေးဘက်ပတ်ချာလည်တွင် အပေါက်များဖောက်ရကြောင်း၊ ပြီးလျှင် ကြက်သွန်ဥများ စိုက်ပျိုးသည့်အခါ အပြင်သို့သပ်သပ်ရပ်ရပ် ကြီးထွားလာစေရန် အစို့အညှောက်ကို အပေါက်ဘက်သို့ လှည့်၍ထားရကြောင်း ၎င်းကရှင်းပြသည်။ ဘူးခွံအတွင်းသို့ မြေကြီးနှင့် ကြက်သွန်ဥများကို ပုလင်းပြည့်သည်အထိ တစ်လွှာချင်းစီဖြည့်သွားပြီး ပြီးသည့်အခါရေလောင်း၍ အလင်းရောင်အနည်းငယ်ပေးရကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။ တစ်ပတ်မပြည့်တပြည့်ရောက်သည့်အခါ အပေါက်များမှတစ်ဆင့် အစိမ်းရောင်အရွက်များထွက်လာပြီး သုံးလကြာသည့်အခါ ဘူးအတွင်းမှ ကြက်သွန်ဥကြီးများကို ထုတ်ယူနိုင်ပြီဖြစ်ကြောင်းသိရသည်။

နှစ်လီတာခွဲဝင်ဆံ့သည့် ပလတ်စတစ်ဘူးခွံအတွင်း၌ ကြက်သွန်အနည်းဆုံးအချိန် ကီလိုဝက်ခန့်စိုက်ပျိုးနိုင်ပြီး တစ်ဘူးလျှင် ကြက်သွန်ဥ ၅၀ အများဆုံးစိုက်ပျိုးသင့်ကြောင်း Ataur ကပြောသည်။ ဘူးခွံတစ်ခုအတွင်း စိုက်ပျိုးထားသည့် ကြက်သွန် ကီလိုဝက်သည် ရိတ်သိမ်းချိန်ရောက်သည့်အခါ အထွက်နှုန်း ၅ ကီလိုအထိ ပေးစွမ်းနိုင်ကြောင်း ၎င်းကပြောသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးပါက ဘူးခွံတစ်ခုတည်းမှ ကြက်သွန်အထွက် ၁၅ ကီလိုကျော်အထိရရှိနိုင်ကြောင်း Ataur ကပြောသည်။ "ဒီနည်းကို သုံးပြီးတော့ အိမ်ခေါင်မိုးပေါ်မှာဖြစ်ဖြစ်၊ အိမ်ထဲမှာဖြစ်ဖြစ် ကြက်သွန်စိုက်ပျိုးနိုင်ပါတယ်။ ဒါ့အပြင်ဘူးတွေကို ဘယ်နေရာကိုမဆို ပေါ့ပေါ့ပါးပါး သယ်ယူရွှေ့ပြောင်းနိုင်ပါတယ်"ဟု ၎င်းကပြောသည်။ ယခုနည်းလမ်းတွင် ကြက်သွန်များသည် ကြီးထွားမှုပုံမှန်ထက်ပိုမြန်ပြီး ထူးခြားသည်မှာ ကြက်သွန်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း Ataur က ပြောသည်။ ဘူးလွတ်တွင် စိုက်ပျိုးသည့်နည်းကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုပါက ဘင်္ဂလားဒေ့ရှ်တွင် ကြုံတွေ့နေရသော ကြက်သွန်အကျပ်အတည်းကို ဖြေရှင်းနိုင်မည်ဟုယုံကြည်ကြောင်း ၎င်းကပြောသည်။ တန်ကျူလီယာခရိုင်ခွဲမှ စိုက်ပျိုးရေး အရာရှိဖြစ်သူ Md JahangirAlam က ကြက်သွန်ကို ဝရန်တာတွင်ဖြစ်စေ၊ ခြံအတွင်း၌ဖြစ်စေ ဘူးခွံများအတွင်းသွတ်သွင်း၍ စိုက်ပျိုးနိုင်ကြောင်းပြောသည်။ ကြက်သွန်ကို အသုံးမလိုတော့သည့် ဘူးခွံများအတွင်း စရိတ်စက သက်သာစွာစိုက်ပျိုးနိုင်မည်ဖြစ်၍ အခြားတောင်သူများလည်းအဆိုပါ ဆန်းသစ်တီထွင်သည့် နည်းလမ်းကိုအားကျ၍ လိုက်ပါဆောင်ရွက်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောခဲ့သည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8611470

## ဝေဖန်သံများကြားမှ စောင့်ကြည့်ရဦးမည့် ကားပါမစ်




နှစ်စမှာပင် ပွဲဆူခဲ့သည့် ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ကားပါမစ်ထုတ်ပေးမည့်ကိစ္စသည် ဝေဖန်သံများကြားမှပင် သေချာသလောက်ရှိပြီဖြစ်သည်။ ဇန်နဝါရီ ၉ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကားအရောင်းပြခန်းများ၊ ဘဏ်များမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲပြီးနောက် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများကို ကားပါမစ်ပေးရေးကိစ္စသည် အတည်ဖြစ်ခဲ့ပြီး တင်သွင်းပါက လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း ဝန်ကြီးဌာနက ယေဘုယျအားဖြင့် သတ်မှတ်ထားပြီးဖြစ်သည်။ အဆိုပါ ကားပါမစ်လျှောက်ထားခွင့်ကို ၂၀၂၀ ပြည့်နှစ် ၊ဇန်နဝါရီ ၂ ရက်အထိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအထိ အကျုံးဝင်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၄ ရက်အထိ ဝန်ထမ်းကောင်းတံဆိပ်ရရှိခဲ့သည့် ဝန်ထမ်းများအားလုံး အကျုံးဝင်မည်ဖြစ်သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းတံဆိပ်ရရှိပြီးသူများ၏ လျှောက်ထားမှုများကို သန်းခေါင် စာရင်း၊ မှတ်ပုံတင်ဖြင့် စိစစ်ဆောင်ရွက်မည်ဖြစ်ပြီး အရစ်ကျချေးငွေဝယ်ယူခွင့်နှင့်ပတ်သက်၍ဝန်ထမ်းတစ်ဦးလျှင် တစ်စီးသာခွင့်ပြုမည်ဖြစ်သည်။ ၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ်ထုတ် ဘယ်မောင်းမော်တော်ယာဉ်များကို တင်သွင်းခွင့် ပြုမည်ဖြစ်ကာ လာရောက်လျှောက်ထားစဉ်တွင် မှတ်ပုံတင်၊ သန်းခေါင်စာရင်းမူရင်းဖြစ်စေရန်နှင့်အတုအပမဖြစ်စေရေး ဝန်ကြီးဌာနမှ သတိပြု ဆောင်ရွက်မည်ဖြစ်သည်ဟုဆိုသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့် သွင်းကုန်ပါမစ် ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသော အရောင်းပြခန်းများမှ မှာယူခြင်းဖြစ်ပါက တာဝန်ခံဆောင်ရွက်မည့် အရောင်းစင်တာ၊ ပြခန်းများမှ လျှောက်ထားဆောင်ရွက်ရန် သတ်မှတ်ထားသည်။

အဆိုပါ ကားပါမစ်ချထားပေးခြင်းနှင့်ပတ်သက်ပြီး ဝေဖန်မှုများရှိနေကာ ညွှန်ချုပ်နှင့်အထက်ဝန်ထမ်းများက အမှန်တကယ် ကားလိုအပ်ခြင်း ရှိမရှိ မေးခွန်းများရှိနေသည်။ "ကျွန်တော်တို့ ရည်ရွယ်တာကတော့ နိုင်ငံတော်က ပေးထားတဲ့ကားတွေကို ဂျူတီချိန်မှာသုံးဖို့ဖြစ်တယ်။ လူမှုရေးအရ သုံးစရာလည်းရှိမယ်ပေါ့လေ။ ဒါကြောင့် ဒီလိုစီစဉ်တာပါ။ ဒီလိုမျိုး တခြားနိုင်ငံတွေလည်း ပေးကြပါတယ်။ ကိုယ့်နိုင်ငံကလည်း တတ်နိုင်သမျှ ဝန်ထမ်းတွေကို သက်သာချောင်ချိရေးပေးတဲ့ သဘောပါ။ ရုံးကားက ရုံးအတွက်သုံး၊ ကိုယ်ပိုင်ကားက ကိုယ့်စီးပွားအတွက်သုံးဆိုတဲ့ သဘောတရားပါပဲ။ ရွေးကောက်ပွဲနားနီးလာလို့ ဒါမျိုးလုပ်တာတော့မဟုတ်ဘူး။ ရည်ရွယ်ချက်မရှိပါဘူး။ လုပ်သင့်လုပ်ထိုက်တာကိုလုပ်တာပါ"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်ကပြောသည်။ ဝန်ထမ်းများကားဝယ်ယူရေးအတွက် ငွေချေးရန် ပြည်တွင်းဘဏ်များနှင့် သဘောတူညီမှုရထားပြီးဖြစ်သော်လည်း မည်သည့်ဘဏ်များနှင့် သဘောတူညီမှုရထားသည်ကိုမူ ဝန်ကြီးဌာနမှ အသေးစိတ်ပြောခြင်း မရှိသေးပေ။ မြန်မာ့စီးပွားရေးဘဏ်က အတိုးနှုန်းကိုးရာခိုင်နှုန်းဖြင့် တစ်ပတ်ရစ်ကားဖြစ်ပါက ချေးငွေသက်တမ်းသုံးနှစ်၊ ကားသစ်ဖြစ်ပါက ငါးနှစ်ထုတ်ချေးပေးမည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မော်တော်ယာဉ်အရစ်ကျ တင်သွင်းဝယ်ယူခွင့် စီမံချက်အရ ဝယ်ယူခွင့်ရှိသော မော်တော်ယာဉ်များကို ပြည်သူ့ဝန်ထမ်းနှင့်နိုင်ငံ့ဝန်ထမ်းများက အနည်းဆုံးသက်တမ်းတစ်နှစ် ကိုယ်တိုင် အသုံးပြုပြီးနောက် တစ်ဆင့်ပြန်လည်ရောင်းချခွင့်ပြုမည်ဖြစ်သည်။ သို့သော်ပြန်လည်ရောင်းချသည့်အချိန်တွင် အရစ်ကျချေးငွေ အကြေဆပ်ပြီးဖြစ်ရမည်ဖြစ်သည်။ အစိုးရကခွင့်ပြုမည့် အခွန်ကင်းလွတ်ခွင့်ဖြင့် ကားပါမစ်ချထားပေးမည့်အစီအစဉ်ကို ပြန်လည်စဉ်းစားသုံးသပ်ပြီး ဖျက်သိမ်းပေးရန်နှင့် အခြားအခြေအနေတစ်ရပ်ဖြင့် အစားထိုးစဉ်းစားခြင်းပြုလုပ်ပေးရန် မေတ္တာရပ်ခံချက်ကို မြန်မာနိုင်ငံ အော်တိုမိုးတစ်အသင်းက သက်ဆိုင်ရာတာဝန်ရှိသူများထံ စာတင်ထားသည်ဟုဆိုသည်။ ယခု ချမှတ်လိုက်သောမူဝါဒသည် အခွင့်ထူးရှိသူဝန်ထမ်းများနှင့် တင်သွင်းခွင့်မရရှိသည့် ဝန်ထမ်းများကြားတွင်သော်လည်းကောင်း၊

အခွန်အပြည့်အဝပေးဆောင်၍ မော်တော်ယာဉ်ဝယ်ယူထားပြီး နစ်နာခံစားရသူ ပြည်သူများကြား ကွာဟမှုများဖြစ်ပေါ်လာပြီး အစိုးရအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်လာစေနိုင်သောကြောင့်မဖြစ်သင့်ကြောင်း မြန်မာနိုင်ငံ အော်တိုမိုးတစ်အသင်း ဥက္ကဌ ဦးအောင်ဝင်းကပြောသည်။ ''ကျွန်တော်ပြောချင်တာက ကားပါမစ်မဟုတ်ဘဲ တိုက်ခန်း၊ အိမ်စတဲ့နေရာစီစဉ်ပေးတာ၊ သူတို့သားသမီးတွေ ပညာသင်ဈေးငွေ စီစဉ်ပေးတာ၊ လစာတိုးပေးတာတွေကိုပဲလုပ်သင့်တယ်။ ကဏ္ဍတစ်ခုကို မစတေးသင့်ဘူး။ အခုဆို အရောင်းပြခန်းတွေမှာ ကားအော်ဒါမှာတာတွေ ဖျက်ကုန်ကြပြီ။ ပြီးတော့ လုပ်သက် ၂၅ နှစ်ပြည့်သူတိုင်း ရနေမှာဆိုတော့ တစ်သက်လုံးပြီးမယ့် အစီအစဉ်မဟုတ်ဘူး။ တစ်ကြိမ်တည်းလုပ်ရင်လည်း မပြည့်လို့မရတဲ့ သူတွေ နစ်နာကြမယ်''ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီး မော်တော်ယာဉ်ထုတ်လုပ်နေသာ ပြည်တွင်းပြည်ပလုပ်ငန်း များနှင့် တရားဝင်ဖွင့်လှစ်ခွင့်ရပြီး နိုင်ငံတော်သို့အခွန်မှန်မှန်ပေးဆောင်နေသော ကားသစ်အရောင်းပြခန်းများ၊ ပြည်တွင်းရှိ နိုင်ငံသားပိုင်မော်တော်ယာဉ် အရောင်းစင်တာများမှာ ဈေးကွက်ပြောင်းလဲမှုကိုခံစားရပြီး နစ်နာဆုံးရှုံးမှုများဖြစ်လာနိုင်ပြီး နိုင်ငံတော်က ဦးတည်နေသော မော်တော်ယာဉ်မူဝါဒမှာလည်း သေချာပေါက်ထိခိုက်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ မော်တော်ယာဉ် ကဏ္ဍတွင်လည်း ယုံကြည်မှုကျဆင်းလာနိုင်သည်ဟု ဦးအောင်ဝင်းကဆိုသည်။ ထို့ပြင် မူဝါဒများယွင်းစွာ ချမှတ်မိပါက တရားဝင်မဟုတ်သော အရောင်းအဝယ်များတွင်ကျယ်လာပြီး တရားဝင်လာရောက် ရင်းနှီးမြှုပ်နှံသူ နိုင်ငံတကာကုမ္ပဏီများနှင့် ပြည်တွင်းလုပ်ငန်းရှင်များကို ထိခိုက်စေပြီး လုပ်ငန်းများပိတ်သိမ်းရသည့်အခြေအနေမျိုးနှင့် ကြုံတွေ့ရနိုင်သည်ဟုဆိုသည်။ ''အခုအစီအစဉ်က နိုင်ငံတော်ပိုင်ကားတွေနေရာမှာ ဝန်ထမ်းပိုင်ကားသစ်တွေ အသုံးပြုနိုင်ဖို့ နိုင်ငံတော်က အခွန်သက်သာခွင့်အပြင် ဘဏ်ဈေးငွေပါ စီစဉ်ပေးတယ်။ ဒ့ါပြင် နှစ်နှစ်နဲ့အထက် အာမခံရှိတဲ့ကားသစ်တွေကို ဝယ်ယူစေခြင်းဖြင့် ပြင်ဆင်စရိတ်ပါသက်သာစေပြီး အစိုးရက အကျိုးကျေးဇူးရဖို့ မျှော်ကိုးဆောင်ရွက်ခဲ့တယ်လို့ သိရတယ်။ ဒါပေမဲ့ ခုတ်ရာတခြား ရှရာတခြားဖြစ်နေပြီး ပါမစ်ရောင်းစားမယ့်အခြေအနေကို ရောက်လာနိုင်တယ်။ ဒ့ါပြင် မော်တော်ယာဉ် ကဏ္ဍကြီးတစ်ခုလုံး ပျက်စီးရမယ့်အခြေအနေဖြစ်နေတယ်''ဟု ဦးအောင်ဝင်းကပြောသည်။

ဝန်ထမ်းများကို ယခုကဲ့သို့ ခွင့်ပြုပေးခြင်းမှာ လုပ်သင့်ပြီး သို့မှသာဝန်ထမ်းများဖြင့် လည်ပတ်ရသော အစိုးရယန္တရားတွင် အခွင့်အလမ်းများရှိမှသာ လူတော်လူကောင်းများလည်း လုပ်ငန်းခွင်တွင် ပျော်ရွှင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။ ''ဝန်ထမ်းတွေကို ကားပါမစ်ပေးတာ၊ တိုက်ခန်းတွေပေးတာ ကောင်းတယ်။ လစာလည်းတိုးမပေးနိုင်တော့ ဘာနဲ့ချည်မလဲ တွေးနေကြ၊ ပြောနေကြတာကြာပြီ။ ဘယ်ဝန်ထမ်းဖြစ်ဖြစ် အလုပ်လုပ်ရတာပျော်လာရင် အလုပ်မှာ အာရုံစိုက်လာမှာပဲ။ သေချာထိန်းကွပ်ပေးဖို့ပဲလိုတာ။ တစ်ယောက်ကို ပါမစ်တစ်ခုပေးမယ် ပေးလိုက်ပေ့ါ။ ပြန်ရောင်းတာ မရောင်းတာ သူ့အပိုင်း။ ကားဈေးကွက်မှာရော ဈေးတွေတက်မှာကြောက်တာလား၊ ကျမှာကြောက်တာလား။ ပစ္စည်းပဲသုံးပြီးရင် ဈေးကျမှာပဲ။ အပြောင်းအလဲဆိုတာ ကောင်းတာဆိုးတာ နှစ်ခုစလုံးရှိတယ်။ မြန်မာပြည်ကတော့ စိတ်ခံစားမှုသိပ်များတယ်''ဟု နေပြည်တော်မှ လုပ်ငန်းရှင် ဦးပြည့်ဖြိုးရှိန်ကပြောသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာနစာရင်းများအရ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းစာရင်းတွင် ညွှန်ချုပ်နှင့် အထက်ရာထူးအဆင့်ရှိသူ ၅၀၀ မှ ၇၀၀ ခန့်ရှိကာ လုပ်သက် ၂၅ နှစ်အထက် ပြည်သူ့ဝန်ထမ်းကောင်းလက်မှတ်ရသူ ၂၀၁၆ မှ ၂၀၁၉ အထိ စုစုပေါင်း ၃၃၂၉၅ ဦးရှိသည်။

**Source:** https://myanmar.mmtimes.com/news/133877.html

## တစ်ဦးချင်းကုန်သွယ်မှု (ITC) ကတ်ဖြင့် သုံးလအတွင်း ကုန်သွယ်မှုပမာဏ ကျပ် ၁၄၁၂၇ သန်းကျော် ကုန်သွယ်မှုပြုလုပ်ထားပြီး သွင်းကုန်တန်ဖိုး ကျပ် ၁၂၇၂၄ သန်းကျော် တင်သွင်းထား

တစ်ဦးချင်းကုန်သွယ်မှု (ITC) ကတ်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ ကုန်သွယ်မှု ပမာဏ ကျပ် ၁၄၁၂၇ သန်းကျော် ကုန်သွယ်မှုပြုလုပ်ထားပြီး သွင်းကုန်တင်သွင်းမှုတန်ဖိုး ကျပ် ၁၂၇၂၄ သန်းကျော်အထိ တင်သွင်း ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ တစ်ဦးချင်းကုန်သွယ်မှု (ITC) ကတ်ဖြင့် ကုန်သွယ်မှု သွင်းကုန်တန်ဖိုး ကျပ် ၁၂,၇၂၄,၇၂၇,၄၅၇ အထိရှိပြီး ပို့ကုန် ကျပ် ၁,၄၀၂,၃၁၆,၄၀၆ တန်ဖိုးရှိကာ ကုန်သွယ်မှုပမာဏ ကျပ် ၁၄,၁၂၇,၀၄၃,၈၆၃ အထိ

ကုန်သွယ်မှု ပြုလုပ်ထားခြင်းဖြစ်သည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ် (ပသက) နှင့် တစ်ဦးချင်းကုန်သွယ်မှုကတ် (ITC) အမှတ်များအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက်မှစတင်၍ လက်ရှိအသုံးပြုနေသည့် Digit ငါးလုံးနေရာတွင် Digit ကိုးလုံးဖြင့် ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ သို့ဖြစ်ရာ ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ် (ပသက) နှင့် တစ်ဦးချင်းကုန်သွယ်မှုကတ် (ITC) အမှတ်များအား သတ်မှတ်ချိန်မတိုင်မီ အပြီးလာရောက်ပြောင်းလဲရန် လုပ်ငန်းရှင်များထံ အသိပေးချက်ထုတ်ပြန်ထားသည်။

ကုန်သွယ်မှုလုပ်ငန်းများတွင် Single Registration/ Single ID ဖြစ်စေရန် ကုန်သွယ်မှု ဆက်စပ်ဌာနများဖြစ်သည့် ကုန်သွယ်ရေး၊ အကောက်ခွန်၊ DICA ၊ ပြည်တွင်းအခွန်၊ CSO ဌာနများအားလုံးတွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် Taxpayer Identification Numbers (TIN) ကို တူညီစွာအသုံးပြုနိုင်ရေး လာမည့်ဇန်နဝါရီ ၅ ရက်တွင် စတင်ပြောင်းလဲကျင့်သုံးမည်ဖြစ်သည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများ (ပသက) အနေဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းမှ စတင် ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိသည်။ ပြောင်းရန်ကျန်ရှိသည့်ကုမ္ပဏီများ သတ်မှတ်ချိန်အတွင်း အပြီးလာရောက်ပြောင်းလဲရန် လိုအပ်ကြောင်းသိရသည်။ ကျန်အစိုးရအဖွဲ့အစည်းများအသင်းအဖွဲ့များ၊ သမဝါယမလီမိတက်များ၊ သံရုံးများအပါအဝင် ကျန်ရှိသည့်အဖွဲ့အစည်းများ၊ ကုန်သည်/ဦးစီး နေပြည်တော်/ ရန်ကုန်ရုံးများတွင် အချိန်မီလာရောက် ပြောင်းလဲရန် လိုအပ်ကြောင်းသိရသည်။

နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအတွက် ထုတ်ပေးထားသည့် ITC ကတ် ကိုင်ဆောင်သူများအနေဖြင့် မိမိတို့ထုတ်ယူထားသည့် သက်ဆိုင်ရာကုန်သွယ်ရေးစခန်းများတွင် အချိန်မီသွားရောက် ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ကြမည့်ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်သည့် တစ်ဦးချင်းကုန်သွယ်မှုဆောင်ရွက်နေသူများ (ITC) ကတ် ကိုင်ဆောင်ထားသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ လက်ရှိအသုံးပြုနေသည့် ပို့ကုန်သွင်းကုန်မှတ်ပုံတင် အမှတ်များအစား ပြောင်း်လဲအသုံးပြုမည့် TIN နံပါတ်များအား ကုန်သွယ်ရေးဦးစီးဌာနသို့ လာရောက်ပြောင်းလဲကြရမည်ဖြစ်သည်။

ယင်းသို့ ပြောင်းလဲနိုင်ရန်အတွက် ကုန်သွယ်ရေး ဦးစီးဌာနရုံးချုပ် (နေပြည်တော်) နှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တို့တွင် လာရောက်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်ပြီး ITC ကတ် ကိုင်ဆောင်ထားသူများအနေဖြင့် ကတ်ထုတ်ယူထားရှိသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် သတ်မှတ်ချိန်အမီ ပြောင်းလဲဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်းသိရသည်။ ဇန်နဝါရီ ၅ ရက်နောက်ပိုင်းမှစတင်၍ ပြောင်းလဲခြင်းမရှိသေးသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များနှင့် ITC ကတ်များအတွက် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်း MACCS စနစ်တွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည်မဟုတ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/154530

## ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာမှု၊ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ဖော်ဆောင်ရန်ရှိသည့် အစိုးရ၏ အခြေခံအဆောက်အအုံ စီမံကိန်းများကြောင့် လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေး ၆ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ကမ္ဘာ့ဘဏ်ထုတ်ပြန်



ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခြင်း၊ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ဖော်ဆောင်သွားရန်ရှိသည့် အစိုးရ၏ အခြေခံအဆောင်အအုံစီမံကိန်းများကြောင့် လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၆ ဒသမ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင်ပြုလုပ်သည့် “မြန်မာ့စီးပွားရေးလေ့လာမှုအစီရင်ခံစာ အနှစ်ချုပ်” မိတ်ဆက်ပွဲအခမ်းအနားမှသိရသည်။ အဆိုပါအစီရင်ခံစာအရ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြင့်တက်

လာမှုနှင့် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အကောင်အထည်ဖော်သွားဖွယ်ရှိသည့် အစိုးရ၏အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် သုံးစွဲမှုများကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ၆ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်းဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် မြန်မာ့စီးပွားရေးလေ့လာမှု အစီရင်ခံစာများအရ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟုခန့်မှန်းခဲ့သည်။ အထက်ပါ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာများ အရ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေးသည် ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဖြင့် နှိုင်းယှဉ်ပါက သုည ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍသုံးခုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရန် အဓိကအလားအလာကောင်းသောကဏ္ဍများဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောကြားသည်။ " ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ အလားအလာကောင်းတဲ့ နံပါတ် (၁) ကဏ္ဍက လျှပ်စစ်ဓာတ်အားထုတ်လုပ်မယ့်လုပ်ငန်းတွေပေါ့။ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေပေါ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မယ့်လုပ်ငန်းတွေ အလားအလာ အခြေအနေကောင်းတယ်။ နံပါတ် (၂) က ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍမှာ အလားအလာကောင်းတယ်။ နံပါတ် (၃) ကတော့ Logistic ပေါ့ ဆိပ်ကမ်းတွေ လုပ်မယ့်နေရာပေါ့။ ဘာကြောင့်လဲဆိုတော့ ဒီနှစ်ထဲမှာ အကောက်ခွန်ဦးစီးဌာနကနေပြီးတော့ Bonded Warehouse နဲ့ ပတ်သက်တဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်တယ်။ အဲဒါထုတ်ပြန်နိုင်လို့ရှိရင် Logistic လုပ်ငန်းတွေ အလားအလာ အတော်လေးပွင့်သွားမယ်ပေါ့နော် အဲဒီကဏ္ဍသုံးခု ဒီနှစ်ထဲမှာကောင်းမယ်လို့မြင်ပါတယ်" ဟု အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောကြားသည်။ အရှေ့အာရှနှင့်ပစိဖိတ်ဒေသတို့တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈ ခုနှစ် က ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ နှစ်နှစ်တာကာလတွင် ပျမ်းမျှ ၅ ဒသ မ ၈ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းထားပြီး ၂၀၂၁ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းအထိ ထပ်မံကျဆင်းလာမည်ဟုခန့်မှန်းထားသည်။

**Source:** https://news-eleven.com/article/154523

## ပခုက္ကူ ကြက်သွန်ဈေးကွက်အတွင်း ဝယ်လက်နည်းပါးခြင်းနှင့် ကြက်သွန်သစ်ဝင်ရောက်မှုများပြားခြင်းကြောင့် ဈေးနှုန်းဆက်တိုက်ကျဆင်းနေ



ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခုဇန်နဝါရီလလယ်ပိုင်းမှစ၍ ဝယ်လက်နည်းပါးခြင်းနှင့် ကုန်းမြေစိုက် ကြက်သွန်သစ်အများအပြား ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းကျဆင်းလာပြီး တစ်ပိဿာအမြင့်ဆုံး ကျပ် ၁၂၀၀ သာ ပေါက်ဈေးရှိကြောင်း ကုန်သည်များထံမှသိရသည်။ ဇန်နဝါရီလ ဒုတိယပတ်ထိ ကြက်သွန်တစ်ပိဿာအမြင့်ဆုံး ကျပ်၁၇၀၀ ပေါက်ဈေးရှိရာမှ ဘင်္ဂလားဒေ့ရှ်ဝယ်လက် နည်းပါးသွားသည့် လလယ်ပိုင်းမှစ၍ ဈေးနှုန်း ဆက်တိုက်ကျဆင်းလာရာ အမြင့်ဆုံးတစ်ပိဿာ ကျပ် ၁၂၀၀ မှ အနိမ့်ဆုံး ကျပ် ၅၀၀ ထိ ရောက်ရှိသွားခြင်းဖြစ်ကြောင်းသိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဇန်နဝါရီ ၁၅ ရက်ဈေးကွက်တွင် ကြက်သွန်နီ ဂွန်ကြီးတစ်ပိဿာ ၁၁၀၀ - ၁၂၀၀ ကျပ်၊ ဂွန်လတ်တစ်ပိဿာ ၈၀၀-၁၀၀၀ ကျပ်၊ ဂွန်သေးတစ်ပိဿာ ၄၀၀-၆၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ "ပြီးခဲ့တဲ့ရက်ပိုင်းကတော့ ဘင်္ဂလားဒေ့ရှ် ဝယ်လက်တွေဝယ်တော့ ဈေးကဆက်တိုက်တက်နေတာ။ အခုရက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်က မဝယ်တော့တဲ့အတွက် ဈေးကဆက်တိုက်ပြန်ကျသွားတယ်။ ဒီနှစ်ရက်လောက်အတွင်းကို တစ်ပိဿာ နေ့စဉ် ကျပ်၂၀၀ စီ လောက်ကျသွားတယ်။ လက်ရှိကတော့ ရန်ကုန်ဝယ်လက်တစ်ခုကို အားထားပို့နေရတယ်။ ကုန်ဝင်များတော့ ရန်ကုန်ဝယ်လက်တွေလည်း ဈေးချဝယ်နေတယ်" ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုကျော်သန်းက ပြောကြားသည်။

လက်ရှိတွင် ပခုက္ကူကြက်သွန်ဈေးကွက် အတွင်း မိုးကြက်သွန်လက်ကျန်များ ဝင်ရောက် နေဆဲဖြစ်ပြီး ယောချောင်းအနီး ကုန်းစိုက် ပျိုးမြေများမှ ထွက်ရှိသည့် ကြက်သွန်သစ် များမှာ ဇန်နဝါရီ လဆန်းပိုင်းမှစ၍ ဈေးကွက် အတွင်း ဝင်ရောက်နေရာ နေ့စဉ် ပိဿာချိန် တစ်သိန်းခန့်ဝင်ရောက်ကြောင်းသိရသည်။ နယ်စပ်ဝယ်လက်များ နည်းပါးသွားသည့်အတွက် ဈေးနှုန်း ဆက်တိုက်ကျဆင်းနေခြင်းကြောင့် တောင်သူများ စိုးရိမ်မှုရှိနေပြီး တစ်ပိဿာ ကျပ်၁၀၀၀ အောက်ရောက်ရှိသွားပါက တောင်သူများ အနေနှင့်အကျိုးအမြတ် မျှော်လင့်နိုင်ခြေနည်းပါးသွားကြောင်းသိရသည်။ “လက်ရှိဈေးနှုန်းကတော့ တောင်သူ တွေအတွက် အဆင်ပြေသေးတယ်။ ဒီထက် ဈေးကျလာမယ်ဆိုရင် တောင်သူအတွက် စိုးရိမ်ရတယ်။ တောင်သူက တစ်ပိဿာ ၈၀၀ လောက်ထိ အဆင်ပြေတယ်။ ကုန်စိမ်းဖြစ်တာကြောင့် အစိုခန်းပြီး အလေးချိန်လျော့တာနဲ့ အလုံးသေးဈေးမရတာနဲ့ ဆိုတော့ ဈေးကျလာမှာစိုးရတယ်” ဟု ပေါက်မြို့နယ်မှ တောင်သူကိုဌေးလှိုင်ကပြောကြားသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ပြီး ခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှ ဩဂုတ်လထိ ကြက်သွန်တစ်ပိဿာ ကျပ် ၇၀၀ အောက်ဖြင့် ရောင်းချခဲ့ရပြီး ဝယ်လက်များ ပြားလာသည့် နှစ်ကုန်ပိုင်းတွင် တစ်ပိဿာ ကျပ်၂၃၀၀ ထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ ယောချောင်းတစ်ဝိုက် ကြက်သွန်စိုက်တောင်သူများမှာ ဈေးနှုန်းမြင့်တက်သည့် အချို့သောနှစ်များတွင် အကျိုးအမြတ်ခံစား ရသော်လည်း အချိန်အခါမဲ့ မိုးရွာသွန်းမှု ကြောင့် စိုက်ခင်းများ ချောင်းရေနစ်မြုပ်ခြင်းနှင့် ဈေးနှုန်းအလွန်အမင်းကျဆင်းသည့်နှစ် များတွင် ဆုံးရှုံးမှုများပြားကြောင်းသိရသည်။ ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ယခုနှစ် ဇန်နဝါရီ ၅ ရက်က စတင် ရွာသွန်း ခဲ့သည့် အချိန်အခါမဲ့မိုးကြောင့် ကြက်သွန်နီနှင့် မြေပဲ ဧက ၃၀၀ ကျော် ရေနစ်မြုပ်ထိခိုက်ခဲ့ပြီး ကြက်သွန်နီ ၂၄ ဧက ပျက်စီး ဆုံးရှုံးခဲ့ကြောင်း ဌာနဆိုင်ရာ ကောက်ယူမှုမှတ်တမ်းများအရသိရသည်။

**Source:** https://news-eleven.com/article/154574

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၈ ဒေါ်လာအထိ ပြန်ကျလာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ငါးရက်အတွင်း တစ်လီတာ ကျပ် ၃၀ ပြန်လည်ကျဆင်း



ကမ္ဘာ့ရေနံဈေး တစ်စည် ၅၈ ဒေါ်လာအထိ ပြန်ကျလာပြီး ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ ငါးရက်အတွင်း တစ်လီတာ ကျပ် ၃၀ အထိ ပြန်လည်ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ် ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက် တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာ အထိကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက်ပြန်ရောက်ခဲ့ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာ ဝန်းကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ်လာ ဇန်နဝါရီ ၁၅ ရက်တွင် ၅၈ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ခဲ့သည်။

ဇန်နဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ် တစ်လီတာ ၉၅၅ ကျပ် (တစ်ဂါလန် ၄၃၄၁ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၉၆၅ ကျပ် (တစ်ဂါလန် ၄၃၈၆ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၈၇၅ ကျပ် (တစ်ဂါလန် ၃၉၇၇ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၉၆၅ ကျပ် (တစ်ဂါလန် ၄၃၈၆ ကျပ်) ဖြစ်ပြီး ဇန်နဝါရီ ပထမပတ်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှင့်နှိုင်းယှဉ်ပါက စက်သုံးဆီဈေးနှုန်းများ တစ်လီတာ ကျပ် ၃၀ ပြန်လည်ကျဆင်းခဲ့သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်းအပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှအောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်း စက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိမြင့်တက်ခဲ့ပြီး၊ တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ

ဖြစ်ပေါ်ခဲ့သည်။၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် စံချိန်တင်စျေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးစျေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ၇၃၀ ကျပ် (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီစျေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သောပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ စျေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန်လ (၂၁ ရက်အထိ)တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ် ပြန်လည်မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀ အထိပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း တစ်လီတာ ကျပ် ၁၀ မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အတွင်း တစ်လီတာ ကျပ် ၁၀ မှ ၃၅ ကျပ် အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်အထိ ပြန်ကျခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက်အတွင်း တစ်လီတာ ကျပ် ၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်မှ ၁၅ ရက်အတွင်း တစ်လီတာ ကျပ် ၃၀ ပြန်ကျခဲ့သည်။ပြည်တွင်းစျေးကွက်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် ဖြစ်ပေါ်သော စက်သုံးဆီ လက်လီစျေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၀ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၅၅၀ (တစ်ဂါလန် ၂၄၉၇ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၆၅၀ ကျပ် (တစ်ဂါလန် ၂၉၅၁ ကျပ်) ဖြစ်ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက် စျေးနှုန်းနှိုင်းယှဉ်ပါက လပေါင်း ၃၀ ကျော်အတွင်း ဒီဇယ် ၁၁၉ ရာခိုင်နှုန်း၊ ပရီမီယံဒီဇယ် ၁၀၅ ရာခိုင်နှုန်း၊ 92 Ron ၉၄ ရာခိုင်နှုန်း၊ 95 Ron ၇၂ ရာခိုင်နှုန်း စျေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/154568

## လာအိုနိုင်ငံသို့ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့မှုစတင်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်၊ ကျိုင်းလပ်မြို့ရှိ ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တဆင့် လာအိုနိုင်ငံသို့ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များကို ယခုဘဏ္ဍာနှစ်တွင် စတင်တင်ပို့နေပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်က ရေဝတီသို့ပြောသည်။ ဦးခင်မောင်လွင်က "အခုနှစ်မှာ ထူးခြားတာကတော့ နယ်စပ်မှာ လာအိုနဲ့ဆက်တဲ့ ကုန်သွယ်ရေးစခန်းပေ့ါ။ အဲဒီဘက်ကနေ ဘာတွေ သွားမလည်း ဆိုတော့ ကျနော်တို့ဆီကနေ ပြောင်းတို့ ဆန်တို့ ဆိတ်အရှင်လက်ခံမယ်ပေ့ါ။ တင်ပို့တဲ့နေရာမှာ လာအိုဘက်ကလိုအပ်ချက်ပေါ်မူတည်ပြီး ပို့တယ်။ အခုစပို့နေပြီ။ ဒါကတော့ ပထမဆုံးပါပဲ"ဟုပြောသည်။ ယင်းကုန်စည်များကို ယခင်က မူဆယ်နယ်စပ်မှ တဆင့် တရုတ်နိုင်ငံသို့သာတင်ပို့ရာမှ ယခုလာအိုလမ်းကြောင်းပွင့်သွားသည့်အတွက် စျေးကွက်သစ်ရလာသည့်အပြင် တရုတ်ဘက်မှကန့်သတ်ချက်များရှိလာလျှင်လည်း ရွေးချယ်စရာ အသစ်တခုလာမည်ဖြစ်ကြောင်း ၎င်းကသုံးသပ်ပြောဆိုသည်။ "ဒီကျိုင်းလပ်ကုန်သွယ်ရေးစခန်းက လာအို-မြန်မာ တံတားဖွင့်ထဲကဖွင့်ထားတာ။ ကြာပြီဆိုပေမယ့် လုပ်ငန်းက ဒီနှစ်မှ စဖြစ်တာ။ ဒါတောင် လပိုင်းလောက်ပဲရှိသေးတယ်။ ပြောင်းဆိုရင် ဒီစခန်းကနေ ထိုင်းရော၊ လာအိုရော လမ်းကြောင်း ၂ ခု ပို့လို့ရတယ်။ လာအိုဘက်က သွင်းကုန်ဝင်တာတော့မရှိဘူး"ဟု ဦးခင်မောင်လွင်ကရှင်းပြသည်။

လက်ရှိတွင် လာအိုနိုင်ငံကလည်း မြန်မာ့ဘက်မှ ကုန်စပ္စည်းများကို တရားဝင် လက်ခံပြီး လာအိုနိုင်ငံ ကုန်သည်များက မြန်မာ့ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တဆင့်ပြန်လည်ပေးပို့ကြောင်း ကုန်သည်များထံမှသိရသည်။ သို့ဖြစ်ရာ ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခု ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈ သောင်းခန့် တင်ပို့ရန် ခန့်မှန်း

ထားကြောင်း ဦးခင်မောင်လွင်ကပြောသည်။ ကျိုင်းတုံ-တာချီလိတ် နယ်စပ်ကုန်သည်များအသင်းအတွင်းရေးမှူး ဒေါ်နန်းစင်က "အခုလို လာအိုတင်ပို့နိုင်တာကောင်းပါတယ်။ တချို့ မူဆယ်တို့ ဘာတို့သွားတဲ့ ကုန်သည်တွေလည်း ဒီဘက်ကိုလှည့်ပြီး လုပ်နိုင်တယ်။ ကုန်စည်စီးဆင်းမှုလည်း တက်လာသလို ဈေးကွက်လည်းကောင်းနိုင်တယ်" ဟု ဧရာဝတီသို့ပြောသည်။ နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပြုလုပ်ရာတွင် လာအိုနိုင်ငံကုန်သည်များမှ ပေးနိုင်သည့် ဈေးကို we-chat မှ တဆင့် ဆက်သွယ်ကြကြောင်း၊ မကြာမီက မြန်မာ့မနေသာသုခဆန်ဝယ်ယူရန်ဆက်သွယ်ကြသော်လည်း လက်ရှိသည် တရုတ် နှစ်သစ်ကူးနှင့်လည်း နီးနေသောကြောင့် အရောင်းအဝယ်မှာအေးနေကြောင်း ၎င်းကပြောသည်။

အဆိုပါ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှာ မဲခေါင်မြစ်ကူး မြန်မာ-လာအို ချစ်ကြည်ရေးတံတားအနီး သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းဒေသ ကျိုင်းတုံမြို့မှ ၁၀၈ မိုင် တာချီလိတ်မြို့နှင့် ၆၅ မိုင် ကွာဝေးပြီး တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စု လမ်းကြီးပေါ်တွင်တည်ရှိသော တာလေမြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင် အကွာတွင်တည်ရှိသည်။ မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကတည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လတွင်ဖွင့်လှစ်ခဲ့သည်။ ယင်းတံတားသည် မြန်မာနိုင်ငံဘက်ခြမ်း ကျိုင်းလပ်မြို့နှင့် လာအိုနိုင်ငံလွှန်နသန်ပြည်နယ် လောင်းဝ်ခရိုင်ဟွေ့ဟုန်းကျေးရွာ တို့ကို ဆယ်သွယ်ထားသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်လုပ်ကိုင်ရာတွင် ကုန်သွယ်ရေး စခန်း ၁၈ ခုရှိသည့်အနက် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှာ ကုန်သွယ်မှုအနည်းဆုံးဖြစ်သည်။

**Source:** https://burma.irrawaddy.com/business/2020/01/16/213086.html

## တရုတ်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့်လက်မှတ်ရေးထိုး

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား စီးပွားရေးနှင့်ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့်ကို ဇန်နဝါရီ ၁၅ ရက်က အိမ်ဖြူတော်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်-အမေရိကန် ဘက်စုံစီးပွားရေးဆွေးနွေးမှု တရုတ်နိုင်ငံဆိုင်ရာ အကြီးအကဲ လျူဟဲနှင့် အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရမ့်တို့သည် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော် East Room တွင် ပြုလုပ်သည့် အခမ်းအနားအတွင်း ၎င်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ ထို့နောက် လျူသည် စီးပွားရေးနှင့် ကုန်သွယ်ရေး သဘောတူညီချက် ပထမအဆင့် လက်မှတ်ရေးထိုးအပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေခဲ့

တရုတ်နိုင်ငံက ၂၀၁၉ ခုနှစ်တွင် တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းမှ တစ်ဆင့် ရေနံစိမ်းတန်ချိန်ပေါင်း ၁၀.၈ သန်းကိုတင်ပို့နိုင်ခဲ့သည်။ ထိုပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့ကုဗမီတာပေါင်း ၂၄ ဒသမ ၆ ဘီလီယံကျော် တင်ပို့နိုင်ခဲ့သည်။ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းသည် ၁၄၂၀ ကီလိုမီတာအရှည်ရှိပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်အသုံးပြုခဲ့သည်။ တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ အဆိုပြုချက်တွင်ပါဝင်သည့် တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်း စေခဲ့သည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ၂၀၅၀ တွင် ကာဗွန်ထုတ်လုပ်မှု သုညအထိ လျှော့ချမည့်အစီအစဉ်သစ် အီးယူထုတ်ပြန်

၂၀၅၀ ပြည့်နှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုသုညအထိလျှော့ချပြီး အီးယူအဖွဲ့ဝင်နိုင်ငံတွေ ကျောက်မီးသွေး အပေါ် မှီခိုမှုကိုကာကွယ်ဖို့ ရည်ရွယ်တဲ့ "ယူရိုငွေ တစ်ထရီလီယံ ရင်းနှီးမြှုပ်နှံမှု" အစီအစဉ်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌက

ဇန်နဝါရီ ၁၄ ရက်မှာ တင်ပြပါတယ်။ အဲဒီအစီအစဉ်ကို "ဥရောပစိမ်းလန်းရေးသဘောတူညီချက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နဲ့ မျှတတဲ့ အသွင်ကူးပြောင်းယန္တရား" လို့ ဥရောပပါလီမန်မှာ ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယွန်က ခေါ်ဝေါ်ခဲ့ပါတယ်။ အဲဒီအစီအစဉ်မှာ အစိုးရနဲ့ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးက ဥရောပနဲ့အမျိုးသားပေါင်းစပ်ငွေကြေးပါဝင်မယ်လို့ သူကပြောပါတယ်။ ဥရောပရသုံးငွေကော်မရှင်နာ ယိုဟာန်နက်စ်ဟန်းစ်ကလည်း "ဥရောပဟာ ရာသီဥတုအထိနာတာကိုရှောင်ရှားဖို့ ရာသီဥတုရန်ပုံငွေလိုအပ်တယ်"လို့ ပြောခဲ့ပါတယ်။

၁၀ နှစ်တာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် တစ်ထရီလီယံရဲ့တစ်ဝက်လောက်ဟာ အီးယူရဲ့ ကာလရှည်ဘတ်ဂျက်ကနေလာမှာ ဖြစ်တယ်လို့ ဥရောပကော်မရှင်ကဆိုပါတယ်။ ဒါဟာ အီးယူအဖွဲ့ဝင် အစိုးရတွေကနေ ပူးတွဲထောက်ပံ့တဲ့ ဘီလီယံ ၁၀၀ ကျော်ဖြစ်စေမှာပါ။ စီးပွားရေးအရ ကျောက်မီးသွေးအပေါ် မှီခိုနေရတဲ့ ပိုလန်ကလွဲရင် အီးယူအဖွဲ့ဝင် နိုင်ငံအားလုံးက နောင်အနှစ် ၃၀ မှာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှု သုညအထိလျှော့ချဖို့ သဘောတူကြပါတယ်။ ဥရောပကော်မရှင်ဒုဥက္ကဋ္ဌ ဖရန့်စ်တင်မာမန်းက ကျောက်မီးသွေးလုပ်ငန်းလုပ်ကိုင်လိုသလားလို့ မေးခွန်းထုတ်ပြီး "မျှတတဲ့အသွင်ကူးပြောင်းရန်ပုံငွေဟာ ကျောက်မီးသွေးထုတ်ရာဒေသတွေမှာ ပြန်ပြောင်းလဲမှုတွေလုပ်ဖို့ ကူညီထောက်ပံ့သွားမယ်"လို့ အီးယူအမတ်တွေကိုပြောခဲ့ပါတယ်။

**Source: DVB TV News**

https://www.facebook.com/dootcheck.aleksander?

## ဆောင်းရာသီ နိုင်ငံတကာပြပွဲသို့ မြန်မာသံရုံးပါဝင်ဆင်နွှဲ



International Trade Center နှင့် TCMA တို့မှ ကြီးမှူးကျင်းပသည့် (၈) ကြိမ်မြောက် နိုင်ငံတကာသံရုံးများ၏ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် နိုင်ငံအလိုက် ထုတ်ကုန်/ ထွက်ကုန်များကိုပြသသည့် ဆောင်းရာသီပြပွဲ "8th Annual Embassy Showcase: Winternational" ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့က အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ Ronald Reagan Building ၌ ကျင်းပပြီးခဲ့ပြီး၊ အဆိုပါပြပွဲသို့ ဝါရှင်တန်မြို့၊ မြန်မာသံရုံးအပါအဝင် နိုင်ငံခြားသံရုံး (၆၀) ရုံးမှ ပါဝင် ပြသခဲ့ကြပါသည်။ မြန်မာသံရုံးပြခန်း၌ ခရီးသွားလုပ်ငန်း နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ပစ္စည်းများ၊ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများဖြစ်ကြသော ထန်းရွာ(Toddy Palm Village)၊ Nature Myanmar ၊ JUMJEL ၊ Genius Coffee (အောင်နေလင်းထွန်းကုမ္ပဏီ) နှင့် Burmese Treasure လုပ်ငန်းတို့မှ ထန်းအခြေခံ စားသောက်ကုန်များ(ထန်းသကြား၊ ဂျင်းထန်းလျက်မှုန့်၊ ထန်းလျက်၊ ပဲချောင်း၊ ထန်းသီးယို) ၊ ကွမ်းသီးဖတ်ဖြင့် ပြုလုပ်

ထားသည့် ပလတ်စတစ် အစားထိုးပန်းကန်များ၊ အညာဒေသထွက်ကုန်များဖြစ်သော သဘာဝဇီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ ရှမ်းပြည်နယ်မှ ကော်ဖီတို့ကိုပြသခဲ့ပါသည်။ ဝါရှင်တန်မြို့၊ မြန်မာသံရုံးအနေဖြင့် နှစ်စဉ်ကျင်းပသည့် ဆောင်းရာသီပြပွဲသို့ ဒုတိယအကြိမ် ပါဝင် ပြသခဲ့ခြင်းဖြစ်ပြီး၊ ယခုနှစ်ပြပွဲအား “ Women Empowerment, Farmers to Markets & Environmental-Friendly-business” ခေါင်းစဉ်ဖြင့် ပါဝင်ပြသခဲ့ပြီး၊ မြန်မာ့ထုတ်ကုန်များအပေါ် စိတ်ဝင်စားမှုများပြားခဲ့ကာ စီးပွားရေးအချိတ်အဆက်များလည်းရရှိခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-USA (ဝါရှင်တန်ဒီစီ)**

## STOCK EXCHANGE (16.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,500 | 11,000 | 2,199 | 25,119,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | -50 | -1.28% | 3,850 | 3,850 | 3,850 | 2,391 | 9,205,350 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 583 | 4,722,300 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +500 | +2.22% | 23,000 | 23,000 | 23,000 | 643 | 14,789,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 10 | 28,500 | 12,823,224 | 36,546 |


### Market summary

As of 16th Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 456.99 | -0.23 | -0.05% | 456.56 | 466.89 | 456.56 | 5,826 | 53,864,150 | 5 | 625,768 |

**Index chart**



# Market Overview

As of 1:00 pm, 16th Jan. 2020

| MYANPIX | 456.99 ▼0.23 |
|---|---|
| Total Volume (shares) | 5,826 |
| Total Value (MMK) | 54 mil |
| Listed Company | 5 |
| Market Cap. (MMK) | 625,768 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,850 | ▼ 50 |

TIR